# Higher National Diploma(HND) in Computing & System Development

အင်္ဂလန်နိုင်ငံရဲ့ အကြီးဆုံး ပညာရေးအဖွဲ့အစည်း Edexcel ကပေးတဲ့ Highter National Diploma တစ်ခုဖြစ်တဲ့ BTEC HND ကိုပြည်တွင်းမှာယူလို့ ရနိုင်တာကို တွေ့ရပါတယ်။ Computing ဆိုင်ရာ နိုင်ငံတကာ အသိအမှတ်ပြု ဘာသာရပ် တစ်ခု သင်ယူချင်တဲ့ PCWorld စာဖတ်ပရိသတ်တွေ စဉ်းစားကြည့်နိုင်ဖို့ Gusto Higher Education Institute ရဲ့ HND in Computing & System Development အကြောင်းနဲ့ လက်ရှိတက်ရောက်နေတဲ့ ကျောင်းသားအချို့ရဲ့ အတွေ့အကြုံတွေကို ဖော်ပြပေးလိုက်ပါတယ်။



## သင်တန်းအမျိုးအစား

IT နယ်ပယ်မှာ နည်းပညာကျွမ်းကျင်ပညာရှင်၊ ဒါမှမဟုတ် စီမံခန့်ခွဲ အုပ်ချုပ်သူအဖြစ် လုပ်ကိုင်နိုင်ဖို့ သင်ကြားပေးတဲ့ Diploma သင်တန်း အမျိုးအစား BTEC HND ဖြစ်ပါတယ်။

## ပါဝင်တဲ့ဘာသာရပ်၊ စာသင်ကာလ

စာသင်ကာလက ၂ နှစ်ဖြစ်ပြီး တစ်နှစ်မှာ ဘာသာရပ် ၈ မျိုးကို လေ့လာရတာပါ။ ပထမနှစ်မှာ Employability and Professional Development ? Computer Systems ? Programmming in Java ? Website Design ? Business Skills for E-Commerce ? Designing Database Solutions Using Microsoft SQL Server 2008/(70-451) ? Management of Projects eJY Networking Technologies ဆိုတဲ့ ဘာသာရပ်တွေ ပါဝင်မှာ ဖြစ်ပါတယ်။

ဒုတိယနှစ်မှာတော့ Systems Analysis and Design ? Infromation Systems in Organizations ? Programming in .NET ? Data Analysis and Design ? Web Applications Development ? Project Design Implementation and Evaluation ? Quality System in IT eJY IT Security Management ဆိုတဲ့ ဘာသာရပ်တွေ ပါဝင်မှာပါ။

## သင်ကြားမှုပုံစံ

နိုင်ငံတကာ တက္ကသိုလ်တွေနည်းတူ စာသင်ခန်းထဲမှာ ကျောင်းသားတွေကိုယ်တိုင် တက်တက်ကြွကြွနဲ့ ပါဝင်ဆွေးနွေးလာအောင် ဆရာတွေက facilitate လုပ်ပေးမှာဖြစ်ပါတယ်။

တတ်ကျွမ်းမှုကို စစ်ဆေးတဲ့အပိုင်းမှာဆိုရင်လည်း ဘယ်လောက် မှတ်မိသလဲဆိုတာကို စစ်ဆေးတဲ့ နှစ်ကုန်စာမေးပွဲမျိုးအစား ကျောင်းသားတွေအနေနဲ့ သင်ယူမှုမှာ ဘယ်လောက်ပါဝင်တယ်၊ ဘယ်လောက် နားလည်တယ်၊ ဘယ်လောက်လုပ်နိုင်တယ်ဆိုတာကို စာသင်ကာလ တစ်လျှောက် လက်တွေ့လုပ်ကိုင်နိုင်းတာ၊ စာတမ်းငယ်တွေ ပြုစုနိုင်း

တာလိုမျိုး နည်းလမ်းတွေကိုသုံးပြီး အကဲဖြတ်စစ်ဆေးသွားမှာဖြစ်ပါတယ်။

## Entry requirement

တက္ကသိုလ်က ဘွဲ့ရပြီးသူတွေ၊ ဒုတိယနှစ်အောင်ပြီးသူတွေက HND ကို တိုက်ရိုက်တက်နိုင်ပေမယ့် GCE O Level ၊ ဒါမှမဟုတ် GCSE ၊ ဒါမှမဟုတ် တက္ကသိုလ်ဝင်တန်းအောင်ပြီးသူတွေကတော့ Foundation သင်တန်း ၅လကို အရင်တက်ရမှာဖြစ်ပါတယ်။ အသက် ၂၁ ပြည့်ပြီးတဲ့ သက်ဆိုင်ရာလုပ်ငန်းခွင် အတွေ့အကြုံရှိသူတွေကလည်း Gusto Admission Office နဲ့ ဆွေးနွေးပြီး လျှောက်ထားလို့ရပါတယ်။

## Foundation Course မှာပါဝင်တဲ့ ဘာသာရပ်များ

Computer System ၊ Programming Fundamental ၊ Network ၊ Database Management Communication System ၊ English (4 skills) ၊ Soft Skill (Communication Skill) စတဲ့ ဘာသာရပ်တွေ foundation course မှာ ပါဝင်မှာဖြစ်ပါတယ်။

## နှစ်တစ်နှစ်အတွက် Intake အကြိမ်ရေနဲ့ ခေါ်ယူသောလများ

တစ်နှစ်ကို HND Diploma အတွက် ၄ ကြိမ် ခေါ်ယူမှာဖြစ်ပြီး ဧပြီ၊ ဇူလိုင်၊ အောက်တိုဘာနဲ့ ဇန်နဝါရီလတွေမှာ ခေါ်ယူမှာဖြစ်ပါတယ်။ HND Foundation အတွက်ကတော့ ဇွန်၊ စက်တင်ဘာ၊ ဒီဇင်ဘာနဲ့ မတ်လတွေမှာ ခေါ်ယူသွားမှာဖြစ်ပါတယ်။

## သင်တန်းကြေးနဲ့ ပေးသွင်းမှုပိုင်း

Edexcel ကို ပေးသွင်းရတဲ့ member fees ကို HND Foundation တက်ကတည်းက registration fees အဖြစ် တစ်ပါတည်း ပေးသွင်းရမှာပါ။ Member fees က ပေးသွင်းပြီးတဲ့ အချိန်ကစလို့ နောက် ၅ နှစ်အထိ သက်တမ်းရှိမှာဖြစ်ပါတယ်။ Foundation အတွက်ကတော့ စုစုပေါင်း ၁၄ သိန်း ၅ သောင်း ကျပ်လောက် ကုန်ကျမှာဖြစ်ပြီး သင်တန်းမစခင် တစ်ပတ် အလိုကတည်းက ကြိုတင်ပေးသွားရမှာ ဖြစ်ပါတယ်။

HND Diploma အတွက်ဆိုရင် semester တစ်ခုကို ၁၅ သိန်းကျပ် ကျသင့်မှာပါ။ တစ်နှစ်မှာက semester ၂ ခုရှိပြီး သင်တန်းကြေးကို semester တစ်ခုစာ ကြိုတင်ပေးသွားရမှာဖြစ်ပါတယ်။ Diploma ပထမနှစ်က စတက်သူတွေအနေနဲ့ကတော့ registration fees ကို သင်တန်းမစခင် သင်တန်းကြေးနဲ့အတူ ပေးသွင်းလို့ရပါတယ်။

## BTEC HND တက်ပြီးသွားတဲ့အခါ ...

HND ပြီးရင် Edexcel (UK) နဲ့ သဘောတူညီမှုရယူထားတဲ့ ကမ္ဘာတစ်ဝန်းက တက္ကသိုလ်ပေါင်း ၂၀၀ကျော်ရဲ့ နောက်ဆုံးနှစ်ကို တိုက်ရိုက်တက်ရောက်နိုင်ပြီး IT လုပ်ငန်းခွင်တွေမှာ Software Developer ၊ Project Manager ၊ Web Designer ၊ Web Developer ၊ Mobile Developer ၊ Network and Communication Specialist စတဲ့ position တွေ နဲ့ ဝင်ရောက်လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။ ■

**အခု ဆက်ပြီးတော့ လက်ရှိ Gusto ကနေဖွင့်တဲ့ HND Diploma Year 1 မှာ တက်ရောက်နေသူတွေကပြောပြထားတဲ့ သူတို့ရဲ့ အတွေ့အကြုံတွေကို ဖော်ပြပေးချင်ပါတယ်။**

## ကိုရဲမင်းထွန်း



### Gusto မှာ HND Diploma တက်ရတဲ့ ရည်ရွယ်ချက်

နိုင်ငံတကာအဆင့်မီ computer diploma တစ်ခုကို ပြည်တွင်းမှာ သင်လို့ရတာကြောင့်ရယ်၊ IT ပညာရှင်တစ်ယောက်ဖြစ်ချင်တာကြောင့်ရယ် တက်ခဲ့တာဖြစ်ပါတယ်။

### စာတွေ့လက်တွေ့ လေ့လာမှုရမှုအပိုင်း

စာတွေ့မှာတော့ သင်ကြားမှုအတွေ့အကြုံရှိ ဆရာ၊ ဆရာမတွေဖြစ်တဲ့အတွက် အဆင်ပြေပါတယ်။ လက်တွေ့ပိုင်းမှာလည်း လုံလောက်တဲ့ lab exercise တွေကို အမြဲလုပ်တဲ့အတွက် စာတွေ့လက်တွေ့ မျှတပါတယ်။

### သင်ကြားမှုနဲ့ပတ်သက်လို့ ပြောချင်တဲ့ အကြောင်းအရာ

ကောင်းမွန်ပြည့်စုံတဲ့ သင်ကြားမှုပတ်ဝန်းကျင်ကို ဖြည့်လုပ်ပေးထားပါတယ်။ ကျောင်းသားဗဟိုပြု သင်ကြားမှုပုံစံမျိုးနဲ့သင်တာပါ။ ■

## စိုးသူအောင်



### Gusto မှာ HND Diploma တက်ရတဲ့ ရည်ရွယ်ချက်

Computer နည်းပညာတွေကို စိတ်ဝင်စားပြီး နိုင်ငံတကာ အသိအမှတ်ပြု HND ရဲ့ သင်ကြားမှုပုံစံအတိုင်း သင်ပေးနိုင်မယ်လို့ ယုံကြည်တာကြောင့် တက်ဖြစ်ခဲ့တာပါ။

### စာတွေ့လက်တွေ့ လေ့လာမှုရမှုအပိုင်း

စာတွေ့နဲ့ပတ်သက်ပြီး self-study လုပ်ရတာ၊ အချင်းချင်း discuss လုပ်ရတာတွေရှိပြီး မရှင်းလင်းတာတွေကို ဆရာတွေက ရှင်းပြပေးပါတယ်။

### သင်ကြားမှုနဲ့ပတ်သက်လို့ ပြောချင်တဲ့အကြောင်းအရာ

စာသင်ခန်းထဲမှာ internet access ရှိလို့ ဆရာ၊ ဆရာမတွေက ရှင်းပြတာတွေကို internet ကတစ်ဆင့်ပြန်ရှာကာ အချင်းချင်း ပို discuss လုပ်နိုင်တာကြောင့် သင်ကြားမှုနဲ့ နားလည်မှုအပိုင်းမှာ ပိုပြီး ခရီးတွင်ပါတယ်။ ■

---

## ပြည့်ဖြိုးအောင်



### Gusto မှာ HND Diploma တက်ရတဲ့ ရည်ရွယ်ချက်

HND က နိုင်ငံတကာမှာ အသိအမှတ်ပြုနေတဲ့ဘာသာရပ်လည်းဖြစ်ပြီး Gusto က နာမည်လည်းရှိတာရယ်၊ နောက်ပြီးတော့ ငယ်ငယ်ကတည်းက computer ကို စိတ်ဝင်စားတာကြောင့်လည်း တက်ဖြစ်ခဲ့တာပါ။

### စာတွေ့လက်တွေ့ လေ့လာမှုရမှုအပိုင်း

စာတွေ့လက်တွေ့အနေနဲ့ပြောရရင် HND က self-study ဖြစ်လို့ အကြောင်းအရာတစ်ခုကို လေ့လာမယ်ဆိုရင် အရင်ဆုံးအိမ်မှာ လေ့လာခဲ့ပြီး စာသင်ခန်းထဲရောက်မှ ကိုယ်လေ့လာခဲ့တာနဲ့ပတ်သက်ပြီး ဆွေးနွေးနိုင်းတယ်။ လက်တွေ့လုပ်ဖို့ ပစ္စည်းတွေလည်း စီစဉ်ပေးပါတယ်။ အမိက ကတော့ ကိုယ်တိုင်လေ့လာပြီး သိရှိနိုင်ဖို့ အလေးပေးပြီး သင်ပေးပါတယ်။

### သင်ကြားမှုနဲ့ပတ်သက်လို့ ပြောချင်တဲ့အကြောင်းအရာ

လေ့လာပြီးသား အကြောင်းအရာတွေကို အများနဲ့ပြန်ဆွေးနွေးတဲ့အတွက် ကိုယ်သိထားတာတင်မဟုတ်ဘဲ တခြား မသိတာတွေပါ သင်ယူနိုင်တဲ့အပြင်၊ ကိုယ်သိထားတာတွေ မှန်သလား မှားသလားဆိုတာကို လည်း သိနိုင်ပါတယ်။ Gusto မှာက education အပိုင်းတင်မကပါဘူး ဘဝနဲ့ပတ်သက်တာတွေကိုပါ လမ်းကြောင်းပေးပါတယ်။ ■